20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




မြန်မာ့ကုန်သွယ်မှုပမာဏသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထက်ဝက်နီးပါး ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ စစ်အာဏာသိမ်းမှုမတိုင်ခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်တွင် ကုန်သွယ်မှုတန်ဖိုး မြင့်တက်လျက်ရှိပြီး ဇန်နဝါရီ၌ အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီတွင် ထိုးဆင်းခဲ့ပြီး မတ်-ဧပြီတွင် အတက်အကျများ ရှိခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးအထားရမည့် အကြောင်းအချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက မေတွင် ပြည်ပကုန်သွယ်မှုပမာဏသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အမြင့်ဆုံးသို့ ရောက်လာခဲ့သည်။ သို့သော် စစ်အာဏာမသိမ်းခင် ဇန်နဝါရီက ရရှိခဲ့သည့် ပမာဏထက် အမေရိကန်ဒေါ်လာသန်း ၇၅၀ ကျော် လျော့နည်းနေဆဲဖြစ်သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံနှင့် ကုန်သွယ်မှု နှိုင်းယှဉ်ချက်

စစ်အာဏာမသိမ်းခင် လေးလနှင့် စစ်အာဏာသိမ်းပြီးနောက် လေးလအား နှိုင်းယှဉ်ခြင်းဖြစ်ပါသည်




၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မူလလျာထားချက်ကို အခြေပြု၍ စစ်အာဏာမသိမ်းခင် လေးလနှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လေးလအတွင်း ထိပ်တန်းကုန်သွယ်ဖက် ငါးနိုင်ငံနှင့် ကုန်သွယ်မှုကို နှိုင်းယှဉ်ကြည့်ရာတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် တရုတ်နှင့် ကုန်သွယ်မှု၌ သိသိသာသာ ကျဆင်းလျက်ရှိပြီး အာဏာမသိမ်းခင် လေးလက အမေရိကန်ဒေါ်လာ သန်း ၄,၃၀၀ ကျော် ကုန်သွယ်မှု လုပ်နိုင်ခဲ့သော်လည်း အာဏာသိမ်းပြီးနောက် လေးလတွင် အမေရိကန်ဒေါ်လာ သန်း ၂,၉၀၀ ကျော်သာ ကုန်သွယ်မှုလုပ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပကုန်သွယ်မှုပမာဏ ကာလတူနှိုင်းယှဉ်ချက်
၂၀၁၉-၂၀၂၀(မေ) နှင့် ၂၀၂၀-၂၀၂၁(မေ) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပကုန်သွယ်မှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေအထိ) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) ယာယီစာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် ပြည်ပကုန်သွယ်မှုပမာဏမှာ ကျဆင်းလျက်ရှိသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် ချိန်ထိုးပါကလည်း (ယခင်လ ကာလတူနှိုင်းယှဉ်ချက်တွင်) ပို့ကုန်နှင့်သွင်းကုန် ပမာဏတူနီးပါး ရှိခဲ့သော်လည်း (ယခုလ ကာလတူနှိုင်းယှဉ်ချက်တွင်မူ) အချိုးမညီမှု ဖြစ်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(မေအထိ)တွင် သွင်းကုန်ပမာဏများပြီး ပို့ကုန်ပမာဏ ကျဆင်းခဲ့သော်လည်း ၂၀၂၀-၂၀၂၁ (မေအထိ) ယာယီစာရင်းတွင် သွင်းကုန်ပမာဏက ပို့ကုန်ပမာဏထက် ကျဆင်းနေသည်ကို တွေ့ရပါသည်။ ကုန်သွယ်မှုပမာဏ စုစုပေါင်းကို နှိုင်းယှဉ်ရာ၌ ယခင်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃၉ ဘီလီယံ ရှိခဲ့ပြီး၊ ယခုနှစ်တွင် ၂၀ ဒသမ ၅၃ ဘီလီယံသာရှိသဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၆ ဘီလီယံ လျော့နည်းခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပပို့ကုန် ကုန်စည်အုပ်စုအလိုက်တင်ပို့ခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(မေ) နှင့် ၂၀၂၀-၂၀၂၁(မေ) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပပို့ကုန် ကုန်စည်များ အုပ်စုအလိုက်တင်ပို့ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေအထိ)နှင့် ကာလတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ)ယာယီစာရင်းအား နှိုင်းယှဉ်ရာတွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှအပ ကျန်အုပ်စုများတွင် ဆက်လက်လျော့ကျနေပါသည်။ ယခင်လကဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စက်မှုကုန်ချောပစ္စည်း တင်ပို့နိုင်မှုသည် အများဆုံး ဆက်ဖြစ်နေပါသည်။ ပမာဏအားဖြင့်ကြည့်ပါက စက်မှုကုန်ချောပစ္စည်း တင်ပို့နိုင်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(မေအထိ) တွင် အမေရိကန်ဒေါ်လာ သန်း ၆,၂၀၀ ကျော်ဖြင့် အများဆုံး တင်ပို့နိုင်ခဲ့သည့်နည်းတူ၊ ကာလတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) ယာယီစာရင်းတွင်လည်း အမေရိကန်ဒေါ်လာ သန်း ၅,၂၀၀ ကျော်ဖြင့် အများဆုံး တင်ပို့ထားသည်။ သို့သော် ကုန်စည်အုပ်စုအားလုံး စုစုပေါင်း တင်ပို့မှုပမာဏကို နှိုင်းယှဉ်ရာ၌ ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၁,၅၀၀ ကျော် လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(မေ) နှင့် ၂၀၂၀-၂၀၂၁(မေ) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေအထိ)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) ယာယီစာရင်းအား ကာလတူနှိုင်းယှဉ်ရာတွင် ကဏ္ဍသုံးရပ်စလုံးတွင် ဆက်လက် လျော့ကျနေဆဲ ဖြစ်ပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်း အချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါကလည်း (ကဏ္ဍသုံးရပ် ကုန်စည်တင်သွင်းမှု လျော့ကျခြင်း၌) ကွာဟချက် ကြီးကြီးမားမားမရှိဘဲ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) ယာယီစာရင်းမှာ) ဆက်လက် ကျဆင်းနေခြင်းဖြစ်သည်။ ပမာဏအားဖြင့်လည်း ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၃,၄၈၄ ဒသမ ၀၆ သန်းကျော် တင်သွင်းခဲ့ပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀,၁၂၇ ဒသမ ၄၀ သန်းသာ တင်သွင်းနိုင်သဖြင့် အမေရိကန်ဒေါ်လာ ၃,၃၅၆ ဒသမ ၆၆ သန်း လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ အာဏာမသိမ်းခင်လေးလနှင့် အာဏာသိမ်းပြီးနောက်ပိုင်း လေးလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်

| | နယ်စပ်ကုန်သွယ်ရေးစခန်းများ | အာဏာမသိမ်းမီ လေးလ | အာဏာသိမ်းပြီး လေးလ | တိုး/လျော့ |
|---|---|---|---|---|
| တရုတ် | မူဆယ် | ၂၀၅၆.၂၂၇ | ၁၂၈၀.၉၀၆ | - ၇၇၅.၃၂၁ |
| | လွယ်ဂျယ် | ၁၀၁.၃၈ | ၇၄.၈၃၅ | - ၂၆.၅၄၅ |
| | ချင်းရွှေဟော် | ၂၁၈.၀၅၆ | ၂၀၃.၂၁၇ | - ၁၄.၈၃၉ |
| | ကန်ပိုက်တီ | ၁၆၆.၀၁၈ | ၉၁.၅၈၄ | - ၇၄.၄၃၄ |
| | ကျိုင်းတုံ | ၄.၈၅၃ | ၄.၂၄၁ | - ၀.၆၁၂ |
| ထိုင်း | တာချီလိတ် | ၁၀၈.၆၄၂ | ၉၂.၂၆၅ | - ၁၆.၃၇၇ |
| | မြဝတီ | ၃၉၀.၈၇၂ | ၇၁၄.၁၁၂ | + ၃၂၃.၂၄ |
| | ကော့သောင်း | ၁၂၃.၆၆၄ | ၁၁၁.၉၂၄ | - ၁၁.၇၄ |
| | မြိတ် | ၅၀.၅၀၈ | ၄၃.၀၂၁ | - ၇.၄၈၇ |
| | နဘုလယ်/ထီးခီး | ၄၉၁.၆၆၂ | ၅၅၄.၇ | + ၆၃.၀၃၈ |
| | မောတောင် | ၆.၀၃၇ | ၅.၅၂၈ | - ၀.၅၀၉ |
| | မယ်စဲ့ | N.A. | N.A. | |
| ဘင်္ဂလားဒေ့ရှ် | စစ်တွေ | ၃၇၀.၁၆ | ၂၂၆.၃၃၈ | - ၁၄၃.၈၂၂ |
| | မောင်တော | N.A. | ၁.၆၈၆ | |
| အိန္ဒိယ | တမူး | ၂၃.၉၁၇ | ၈.၅၉၇ | - ၁၅.၃၂ |
| | ရိဒ် | ၈၈.၁ | ၆၉.၆၁၉ | - ၁၈.၄၈၁ |
| | ထန်တလန် | N.A. | N.A. | |
| လာအို | ကျိုင်းလပ် | N.A. | N.A. | |

(သန်း) အမေရိကန်ဒေါ်လာ

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ၁၅ နိုင်ငံ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်




၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအချက်အလက်များအရ မြန်မာနိုင်ငံသည် နိုင်ငံနှင့် ဒေသပေါင်း ၂၃၆ ခုနှင့် ကုန်သွယ်မှု ပြုလုပ်နေပြီး ကုန်သွယ်မှုပမာဏတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆,၇၃၂ သန်းခန့်ရှိသည်။ ထိုအထဲမှ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းတန်ဖိုး၏ သုံးပုံတပုံခန့် ရှိသည်။ အဆိုပါပမာဏသည် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံထက် နှစ်ဆကျော်ပိုများပြီး၊ တတိယနေရာတွင်ရှိနေသော စင်ကာပူထက် သုံးဆကျော် ပိုများပါသည်။ အမေရိကန်နှင့်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ် လာ သန်း ၁,၃၀၀ ကျော်သာ ရှိပြီး၊ ဂျာမနီ၊ စပိန်၊ ဗြိတိန်၊ နယ်သာလန်၊ ပြင်သစ် အစရှိသောနိုင်ငံများနှင့် တနိုင်ငံချင်း ကုန်သွယ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ အောက်သာ ရှိသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### စုစုပေါင်းကုန်သွယ်မှုအား တရုတ်၏ကုန်သွယ်မှုနှင့် နှိုင်းယှဉ်ချက်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံတပုံကျော်ပမာဏဖြင့် ဆက်ရှိနေပါသည်။ **ယခင်လက ဖော်ပြခဲ့သော အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စုစုပေါင်း ကုန်သွယ်မှုတွင်သာမက၊ တရုတ်နှင့်ကုန်သွယ်မှုတွင်ပါ ပြန်တက်လာသည်ကို တွေ့ရသည်။ သို့သော် စစ်အာဏာမသိမ်းခင် ဇန်နဝါရီက ရရှိခဲ့သောပမာဏအထိ ပြန်မရောက်သေးပါ။ ဇန်နဝါရီတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃,၆၀၀ ကျော်ရှိပြီး တရုတ်နှင့်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁,၂၀၀ ကျော် ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဖေဖော်ဝါရီမှစ၍ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုအပြင် တရုတ်နှင့်ကုန်သွယ်မှုပါ ထက်ဝက်နီးပါး ကျဆင်းခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်နှင့်ကုန်သွယ်မှုမှာ အမြင့်ဆုံးအဖြစ် မေတွင် အမေရိကန်ဒေါ်လာသန်း ၁,၁၀၀ ကျော်သို့ ရောက်ရှိခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပင်လယ်ရေကြောင်း၊ နယ်စပ်ကုန်သွယ်မှု အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာကျဆင်းခဲ့ရာမှ မေတွင် ပြန်တက်လာခဲ့သည်။ သို့သော် စစ်အာဏာမသိမ်းခင် ဇန်နဝါရီတွင်ရှိခဲ့သော ပမာဏသို့ပြန်ရောက်ခြင်းမရှိသေးပေ။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၃၆** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ပြီးခဲ့သည့် ဧပြီတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၂၁ သန်းအထိ ကျဆင်းသွားခဲ့ ရာမှ မေတွင် အမေရိကန်ဒေါ်လာ ၇၇၉ ဒသမ ၀၆ သန်းအထိ ပြန်တက်လာခဲ့ပါသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင်လည်း အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော် ပိုများခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




စစ်အာဏာမသိမ်းခင်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ် ပို့ကုန်သွင်းကုန် အခြေအနေကို ကြည့်ပါက အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာ ကျဆင်းခဲ့ရာမှ မေတွင် ပြန်တက်လာခဲ့သည်။ သို့သော် စစ်အာဏာမသိမ်းခင် ဇန်နဝါရီက ရှိခဲ့သောပမာဏသို့ ပြန်ရောက်ခြင်း မရှိသေးပေ။ ယခင်လကဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၃၆** မှ အချက် အလက်များနှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းသည် ဧပြီတွင် အမေရိကန်ဒေါ်လာ ၅၂၃ ဒသမ ၇၈ သန်းရှိခဲ့ရာမှ မေတွင် အမေရိကန်ဒေါ်လာ ၁,၁၃၁ ဒသမ ၄၈၃ သန်းအထိ ပြန်တက်လာခဲ့သည်။ ပို့ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၆၃ သန်းကျော် တက်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၅၄၄ သန်းကျော် တက်ခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

20 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၉)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် သိသင့်သော အကြောင်းအချက်တချို့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ မေအထိ

**ဖေဖော်ဝါရီ ၂၀၂၁**

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ အားကောင်းလာသည်။ Civil Disobedience Movement (CDM) လှုပ်ရှားမှုများနှင့်အတူ ဘဏ်လုပ်ငန်းလည်ပတ်မှုလည်း ရပ်တန့်လုနီးပါး ဖြစ်ခဲ့သောကြောင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု အပါအဝင် နယ်စပ်ကုန်သွယ်မှု အများစု ရပ်တန့်သွားခဲ့သည်။

**မတ် ၂၀၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်တွင် ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက မြို့ပေါ်တိုက်ပွဲ ဆင်နွှဲလာမည်ဆိုသော သတင်းများကြောင့် တရုတ်နယ်စပ် ကျယ်ဂေါင်မြို့တွင်ရှိသော ကျောက်ဝိုင်းအပြင် ကုန်သွယ်ရေးစခန်းများကို ပိတ်လိုက်သည်။ ထို့အပြင် မူဆယ်နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးဇုန် မုခ်ဦးအဝင်ဝ၌ရှိသည့် နယ်စပ်စီးပွားရေးဇုန် ရဲစခန်းလည်း လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရပြီး ပေါက်ကွဲမှုဖြစ်ခဲ့ရာမှ ကုန်သွယ်ရေး ဆောင်ရွက်မှုအပေါ်သက်ရောက်မှုဖြစ်ခဲ့သည်။ မတ်လအကုန်တွင် ရွှေလီမြို့၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပြီး နယ်စပ်ကုန်စည်များအတွက် စစ်ဆေးရေးဂိတ်ဖြစ်သော ရွှေလီတံတားကို တရုတ်ဘက်က ပိတ်လိုက်သည်။ ထို့အပြင် မန့်ဝိန်းဂိတ်နှင့် ကျင်စန်းကျော့ဂိတ်ကိုလည်း အဝင်ပိတ်လိုက်သည်။

**ဧပြီ ၂၀၂၁**

တရုတ်နိုင်ငံအတွင်းသို့ မြန်မာဘက်မှဝင်မည့် ကုန်တင်ယာဉ်များကို ကိုဗစ်-၁၉ စစ်ဆေးမှုအတွက် တရုတ်ယွမ်ငွေ ၁,၈၀၀ မှ ၂,၁၀၀ ကျော်အထိ တိုးမြှင့်သတ်မှတ်မည်ဟု ယူနန်ပြည်နယ်၊ ကျန်းမာရေးတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်ကြောင့် ဧပြီလလယ်ပိုင်းတွင် တာရှည် အထားမခံသော အသီးအနှံများမှလွဲ၍ ဆန်နှင့် အခြားကုန်ပစ္စည်းများအားလုံးကို မြန်မာဘက်မှတင်ပို့ခြင်း ရပ်တန့်လုနီးပါးဖြစ်သွားသည်။ ထို့အတူ တရုတ်ဘက်မှ ကုန်စည်များလည်း မြန်မာနိုင်ငံထဲ ဝင်ရောက်မှု ရပ်တန့်သွားသည်။ တချိန်တည်းမှာပင် မူဆယ်မြို့ရှိ နယ်စပ်ဂိတ်များအနီးတွင် ပေါက်ကွဲမှု သုံးကြိမ်ထက်မနည်း ဖြစ်ခဲ့ပြီး လုံခြုံရေး အခြေအနေအရ နယ်စပ်ကုန်သွယ်မှုများ ရပ်သလောက်နီးပါး ဖြစ်ခဲ့သည်။

**မေ ၂၀၂၁**

ဧပြီတွင်းက နယ်စပ်တွင်စုပုံနေသော ကုန်စည်များကို တင်းကျပ်သောစည်းကမ်းများဖြင့် ကျင်စန်းကျော့နှင့် ကြူကုတ်-ပန်ဆိုင်းဂိတ်များမှ တင်သွင်းရန် တရုတ်ဘက်က လက်ခံခဲ့သောကြောင့် ပို့ကုန်တန်ဖိုးပြန်လည်မြင့်တက်လာခဲ့သည်။ နယ်စပ်တွင် ကုန်စည်စီးဆင်းမှုများ ဧပြီကထက် ချောမွေ့ခဲ့သော်လည်း သွင်းကုန်မှာ အများစုဖြစ်လျက်ရှိသည်။ တဆက်တည်းမှာပင် မေအတွင်း တရုတ်-မြန်မာနယ်စပ်၌ တိုက်ပွဲများလည်း ငြိမ်သက်နေပြီး ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှု သတင်းများ ပေါ်ထွက်ခဲ့ခြင်းလည်း မရှိပေ။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန